# ပြည်သူများ လုံးဝ (လုံးဝ) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၁၇) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၆-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၄:၃၀) နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၂၁,၂၉၄,၈၄၅) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၇၆၁,၇၇၉) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၁၆-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၁၅-၈-၂၀၂၀) | (၁၆-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာ အသစ် | |
| ၁။ | အမေရိကန် | ၃၂၉.၁ | ၅,၂၀၃,၂၀၆ | ၅,၂၅၈,၅၆၅ | ၅၅,၃၅၉ | ၁၆၇,၂၀၁ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၃,၂၂၄,၈၇၆ | ၃,၂၇၅,၅၂၀ | ၅၀,၆၄၄ | ၁၀၆,၅၂၃ |
| ၃။ | အိန္ဒိယ | ၁,၃၆၈.၇ | ၂,၅၂၆,၁၉၂ | ၂,၅၈၉,၆၈၂ | ၆၃,၄၉၀ | ၄၉,၉၈၀ |
| ၄။ | ရုရှ | ၁၄၃.၉ | ၉၁၇,၈၈၄ | ၉၂၂,၈၅၃ | ၅,၀၆၁ | ၁၅,၆၁၇ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၅၇၉,၁၄၀ | ၅၈၃,၆၅၃ | ၄,၅၁၃ | ၁၁,၆၇၇ |
| ၆။ | ပီရူး | ၃၂.၉ | ၅၀၇,၉၉၆ | ၅၁၆,၂၉၆ | ၈,၃၀၀ | ၂၅,၈၅၆ |
| ၇။ | မက္ကဆီကို | ၁၂၈.၉ | ၅၀၅,၇၅၁ | ၅၁၁,၃၆၉ | ၅,၆၁၈ | ၅၅,၉၀၈ |
| ၈။ | ကိုလံဘီယာ | ၄၉.၈ | ၄၃၃,၈၀၅ | ၄၄၅,၁၁၁ | ၁၁,၃၀၆ | ၁၄,၄၉၂ |
| ၉။ | ချီလီ | ၁၈.၃ | ၃၈၂,၁၁၁ | ၃၈၃,၉၀၂ | ၁,၇၉၁ | ၁၀,၃၉၅ |
| ၁၀။ | စပိန် | ၄၆.၇ | ၃၄၂,၈၁၃ | ၃၄၂,၈၁၃ | မထုတ်ပြန်သေး | ၂၈,၆၁၇ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၁၆-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၁၅-၈-၂၀၂၀) | (၁၆-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၈၈,၀၄၇ | ၂၈၈,၇၁၇ | ၆၇၀ | ၆ ,၁၆၈ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၇၁,၈၈၁ | ၂၇၄,၅၂၅ | ၂,၆၄၄ | ၃,၆၂၅ |
| (ဂ) | ဖိလစ်ပိုင် | ၁၀၉.၆ | ၁၅၃,၆၆၀ | ၁၅၇,၉၁၈ | ၄,၂၅၈ | ၂,၆၀၀ |
| (ဃ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၃၅,၁၂၃ | ၁၃၇,၄၆၈ | ၂,၃၄၅ | ၆,၀၇၁ |
| (င) | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၁ ၄၂၀.၁ | ၈၉,၆၉၅ | ၈၉,၇၆၁ | ၆၆ | ၄,၇၁၀ |
| (စ) | စင်္ကာပူ | ၅.၉ | ၅၅,၅၈၀ | ၅၅,၆၆၁ | ၈၁ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၃၇၆ | ၃,၃၇၇ | ၁ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၄ | ၉၃၀ | ၉၅၁ | ၂၁ | ၂၃ |
| (ဈ) | မြန်မာ | ၅၄.၃ | ၃၇၄ | ၃၇၅ | ၁ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) (လိုအပ်၍) အပြင်ထွက်ပါက၊ လူစုလူဝေးရှိသည့်နေရာများသို့သွားပါက သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန